
## ပါတီအလံ



## ပါတီတံဆိပ်



# ဇိုတိုင်းရင်းသား ဒေသဖွံ့ဖြိုးရေးပါတီ၏အလံ၊ တံဆိပ်၊ ပါတီမူဝါဒ နှင့် စည်းမျဉ်းများ

# မာတိကာ


| စဉ် | အကြောင်းအရာ | အခန်း | စာမျက်နှာ |
|---|---|---|---|
| ၁။ | ပါတီအမည် | ၁ | ၁ |
| ၂။ | ပါတီအလံ | ၂ | ၁ |
| ၃။ | ပါတီ၏အခြေခံမူများ | ၃ | ၃ |
| ၄။ | ပါတီ၏ရည်မှန်းချက် | ၄ | ၄ |
| ၅။ | ပါတီဖွဲ့စည်းပုံ | ၅ | ၅ |
| ၆။ | ပါတီအထွေထွေညီလာခံ | ၆ | ၆ |
| ၇။ | ဗဟိုကော်မတီ | ၇ | ၇ |
| ၈။ | ဗဟိုအလုပ်အမှုဆောင်ကော်မတီ | ၈ | ၈ |
| ၉။ | ပါတီရုံးချုပ် | ၉ | ၁၀ |
| ၁၀။ | မြို့နယ်အထွေထွေညီလာခံ | ၁၀ | ၁၀ |
| ၁၁။ | မြို့နယ်အလုပ်အမှုဆောင်ကော်မတီ | ၁၁ | ၁၁ |
| ၁၂။ | ရပ်ကွက်/ ကျေးရွာအလုပ်အမှုဆောင်ကော်မတီ | ၁၂ | ၁၁ |
| ၁၃။ | အစည်းအဝေးကျင်းပခြင်း | ၁၃ | ၁၂ |
| ၁၄။ | ဥက္ကဋ္ဌ | ၁၄ | ၁၃ |
| ၁၅။ | အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး | ၁၅ | ၁၄ |
| ၁၆။ | စာရင်းစစ်များ | ၁၆ | ၁၅ |
| ၁၇။ | ဌာနများ | ၁၆ | ၁၆ |
| ၁၈။ | ရန်ပုံငွေရှာဖွေရေး | ၁၇ | ၁၆ |
| ၁၉။ | ပါတီဝင်အဖြစ်လက်ခံခြင်းနှင့်ပါတီဝင်အရည်အချင်း | ၁၈ | ၁၇ |
| ၂၀။ | ပါတီဝင်ခြင်းနှင့်ပါတီဝင်အဖြစ်မှရပ်စဲခြင်း | ၁၉ | ၁၇ |
| ၂၁။ | ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း | ၂၀ | ၁၈ |
| ၂၂။ | ပါတီစည်းမျဉ်းစည်းကမ်းများ | ၂၁ | ၁၈ |

# နိဒါန်း

ဇို ဟူသော ဝေါဟာရမှာ ချင်းလူမျိုးစုတွင်ပါဝင်သော လူမျိုးနွယ်စုအမည်တစ်ခုဖြစ်၍ ချင်းလူမျိုးဟုလည်း အဓိပ္ပာယ်ရပါသည်။ ဗြိတိသျှ ကိုလိုနီခေတ်မှစ၍ ချင်းတောင်တန်းဒေသ (ယခု ချင်းပြည်နယ်) နှင့် ချင်းတွင်းမြစ် အနောက်ဘက်ကမ်း ကဘော်ချိုင့်ဝှမ်း ဒေသတစ်လျှောက်တွင် နေထိုင်သောလူမျိုးများအား ချင်းလူမျိုးဟူ၍ အသိအမှတ်ပြု ခေါ်ဝေါ်ခဲ့ရာ ယနေ့တိုင်ဖြစ်ပါသည်။ ရှေးယခင်က " ဇို " လူမျိုးများ ချင်းတောင်တန်းဒေသတစ်လျှောက် ပြန့်နှံ့ နေထိုင်ခဲ့ကြရာတွင် အချို့သော ဇို လူမျိုးနွယ်စုများက မိမိတို့ လူမျိုး အမည်ကို မိမိတို့အခြေချနေထိုင်ရာဒေသကိုအစွဲပြု၍ စိဇန်(စီးယင်း)၊ ဆိုင်းဇန်၊ တေဇန်၊ သဲဒိမ် (တီးတိန်)၊ ဖလမ်း၊ ဟားခါး၊ အစရှိသဖြင့် ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။ သို့သော် ကျန်ရှိသောသူများက မိမိတို့မူလအမည် 'ဇို' ဟူသော ဝေါဟာရကို မပြောင်းလဲဘဲဆက်လက်အသုံးပြုခဲ့ကြပါသည်။

ထိုကဲ့သို့ဇို လူမျိုးနွယ်စုများ မြောက်ဘက်မှ တောင်ဘက်ဒေသသို့ ဆင်းသက်ပြန့်နှံ့လာခဲ့ကြရာ ဇိုဟူသော အသုံးအနှုန်းကိုပင် အခြေခံ၍ မီဇို၊ ဇိုတုန်၊ ဇိုဖေ၊ လိုင်ဇို၊ ဇိုခွါ၊ ယို၊ ချို၊ အရှို၊ ယော အစရှိသော လူမျိုးနွယ်စုများနှင့် အမည်များ ပေါ်ပေါက်လာသည်ဟု ယူဆရပါသည်။

မည်သို့ပင်ဆိုစေကာမူ ကမ္ဘာပေါ်ရှိလူမျိုးများနှင့် နိုင်ငံအမည်များကို ခေါ်ဝေါ်သုံးစွဲကြရာတွင် မိမိတို့ကိုမိမိ တို့ခေါ်ဝေါ်သော အသုံးအနှုန်းနှင့် အခြားလူမျိုး၊ အခြားနိုင်ငံများက မိမိအား ခေါ်ဝေါ်သော အသုံးအနှုန်း မှာ တူညီမှုမရှိဘဲ ကွဲပြားတတ်သကဲ့သို့ ဇို လူမျိုးများ ကိုလည်း ချင်းလူမျိုး ဟူ၍ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာတွင် အသိအမှတ်ပြု ခေါ်ဝေါ်ထားသည်မှာ အငြင်းပွားဖွယ်ရာ မရှိပါ။

အဆိုပါ ချင်းအနွယ်ဝင် ဇို လူမျိုးစုများနေထိုင်ရာဒေသကို ဗြိတိသျှ ကိုလိုနီခေတ်တွင် ချင်းတောင်တန်းဒေသ (Chin Hills) ဟူ၍ လည်းကောင်း၊ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ချင်း ဝိသေသတိုင်း (Chin Special Division) ၊ဟူ၍ လည်းကောင်း၊ ၁၉၇၄ ခုနှစ် မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ချင်းပြည်နယ် (Chin State) ဟူ၍ လည်းကောင်း ခေတ်အလိုက် ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။

ယခုအခါတွင် ဇို လူမျိုး အများပြားမှာ အခြေအနေတောင်းဆိုမှုကြောင့်မြန်မာနိုင်ငံဒေသအနှံ့အပြားနှင့် နိုင်ငံရပ်ခြားသို့ သွားရောက်အခြေချလျက်ရှိကြပါသည်။ ထို့ကြောင့် မိမိတို့၏ မူလဇာတိဒေသတွင် ပြန်လည် အခြေချနေထိုင်ရန် မလွယ်ကူခြင်း၊ မျိုးဆက်သစ်များအနေဖြင့်လည်း မိမိတို့၏ ရိုးရာဓလေ့ ထုံးတမ်း နှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရန် ခက်ခဲလာခြင်း စသည့်စိန်ခေါ်မှုများကို ကြုံတွေ့နေရပါသည်။ ယင်း အခြေအနေနှင့် စိန်ခေါ်မှုများကို အချိန်မီ ထိန်းသိမ်းပြုပြင်ရန် နှင့် မိမိတို့၏ ဒေသတိုးတက်ရေးအတွက် စည်းလုံး ညီညွတ်မှုတည်ဆောက်ရေးကို ထိရောက်စွာ တာဝန်ယူဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းတစ်ရပ် အရေးတကြီး လိုအပ်လာပါသည်။

ယခုအခါ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသား လူမျိုးအားလုံး၏ အကျိုးကို ရည်သန်၍ နိုင်ငံတော်အစိုးရမှ ပါတီစုံ ဒီမိုကရေစီကို ကျင့်သုံး အကောင်အထည်ဖော်လျက်ရှိရာ ဇို လူမျိုးစု များ အနေဖြင့်လည်း အခြားသော တိုင်းရင်းသားများနှင့်အတူ အနာဂတ်ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် အတူတကွ လက်တွဲပါဝင်၍ မိမိတို့ ဒေသ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဇို တိုင်းရင်းသား ဒေသ ဖွံ့ဖြိုးတိုးတက်ရေးပါတီ ( Zo National Region Development Party) ကို ဖွဲ့စည်း တည်ထောင်ရခြင်းဖြစ်ပါ သည်။

# အခန်း(၁)

**ပါတီအမည်**

၁။ ပါတီ၏အမည်ကို ဇို တိုင်းရင်းသား ဒေသ ဖွံ့ဖြိုးရေးပါတီ ( Zo National Region Development Party) ဟုခေါ် သည်။ အတိုကောက်မှာ Z.N.R.D ဖြစ်သည်။

# အခန်း(၂)

**ပါတီအလံ**

၂။ ပါတီ၏အလံမှာအောက်တွင်ဖော်ပြသည့်ပုံအတိုင်းဖြစ်သည်။



ပါတီအလံ

ပါတီအလံသည်အပြာနှင့်အနီရောင်အောက်ခံ၏အလယ်ဗဟိုတွင် အဝါရောင်ခြောက်ထောင့်ကြယ်ဖြစ်ပါသည်။ အပြာရောင်အောက်ခံ၏အနက်အဓိပ္ပါယ်မှာတောင်ပြာတန်းများနှင့်ဖွဲ့စည်းထားသောချင်းမြေကိုပုံဆောင်ပါသည်။ငြိမ်းချမ်းရေးနှင့်တည်ကြည်သစ္စာရှိခြင်းဟူသော အဓိပ္ပါယ်ကိုလည်းဆောင်ပါသည်။ အနီရောင်သည်ချင်းတောင်တန်းဒေသကိုကိုယ်စားပြုသော တောင်ဇလပ်ပန်းကိုပုံဆောင်၍ ရဲရင့်ခြင်းဟူသောအဓိပ္ပါယ်ကိုလည်းဆောင်ပါသည်။

အလယ်ဗဟိုတွင်ရှိသော အဝါရောင်ကြယ်ပွင့်မှာငြိမ်းချမ်းရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးကိုအစဉ်မျှော်လင့်တောင့်တသောဇိုတိုင်းရင်းသားများဟုအဓိပ္ပာယ်ရပါသည်။ခြောက်ထောင့်ကြယ်သည်လူသားများကိုကိုယ်စားပြု၍အဝါရောင်သည်ရှေ့သို့မျှော်လင့်ခြင်းဟုအဓိပ္ပာယ်ရပါသည်။

## ပါတီတံဆိပ်

၃။ ပါတီ၏တံဆိပ်သည် အောက်ဖော်ပြပါ ပုံအတိုင်းဖြစ်သည်။

ပါတီတံဆိပ်သည် ဒိုင်းပုံသဏ္ဌာန်ကို အခြေခံထားသည်။ အနက်အဓိပ္ပာယ်မှာ အကာအကွယ်ပြုခြင်းဟု အဓိပ္ပာယ်ရသည်။

အောက်ခံအနီရောင်သည်ချင်းတောင်တန်းဒေသ၌သာပေါက်ရောက်ပြီး၊ကြမ်းတမ်းသောရာသီဥတုဒဏ်ကိုခံနိုင်ရည်ရှိသည့် တောင်ဇလပ်ပန်းကို ပုံ ဆောင်ထားသည်။ တံဆိပ်၏အလယ်ဗဟိုစက်ဝိုင်းတွင် ဇို(ZO) ကို ပုံဖော်ထားပြီး ဘေးနစ်ဘက်တွင်ရှိသော ဦးချိုနစ်ချောင်းမှာ ဇို လူမျိုးတို့၏ ယဥ်ကျေးမှုနှင့်ခွဲခြား၍ မရသော နွားနောက်၏ ဦးချိုဖြစ်သည်။

နွားနောက်သည် ၎င်း၏ ကြီးမားကြံ့ခိုင်လှပသော ကိုယ်ခန္ဓာ၊သားရဲတိရစ္ဆာန်ဘေးရန်မှကာကွယ်နိုင်သောဦးချိုနှင့် တစ်စုတစ်ဝေးတည်းနေထိုင်ကျက်စားတက်သောသဘာဝကြောင့် ဇို လူမျိုးများက အမြတ်တနိုး တန်ဖိုးထားသော တိရစ္ဆာန်တစ်မျိုးဖြစ်ပါသည်။ ဇို လူမျိုးများ၏ ဓလေ့နှင့် နေထိုင်မှုဘဝကို ထင်ဟပ်ပေါ်လွင်စေ သည့် တိရစ္ဆာန်လည်းဖြစ်ပါသည်။

ဒိုင်းပုံသဏ္ဌာန်၏ နဖူးစည်းစာတန်း Z.N.R.D မှာ Zo National Region Development Party ၏အတို ကောက်ဖြစ်သည်။

# အခန်း(၃)

**ပါတီ၏အခြေခံမူများ**

၄။ ပါတီ၏အခြေခံမူများမှာအောက်ပါအတိုင်းဖြစ်သည်။

(က) ပါတီသည် ဒီမိုကရေစီစနစ်ကိုအခြေခံ ၍ဖွဲ့စည်းတည်ထောင်ထားသော ပါတီဖြစ်သည်နှင့် အညီ လုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒီမိုကရေစီစနစ်ကိုကျင့်သုံးသည်။

(ခ) ပါတီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အစဉ် ဦးထိပ်ထားသည်။

(ဂ) မြန်မာနိုင်ငံတွင် ဒီမိုကရေစီထွန်းကားလာရေးနှင့် စစ်မှန်သောပြည်ထောင်စုစနစ် ပေါ်ထွန်း လာရေးကို ဖော်ဆောင်သော နိုင်ငံရေးပါတီ၊ အဖွဲ့အစည်းများ၊ လူတစ်ဦးခြင်းစီနှင့်သော်လည်းကောင်း အစဉ်ပူးပေါင်း ဆောင်ရွက်မည်။

(ဃ) သမိုင်းသင်ခန်းစာများအရ အစွန်းရောက်အမျိုးသားရေးဝါဒနှင့် လူမျိုးကြီးဝါဒသည် တိုင်းပြည်ကို ပျက်စီးဆုတ်ယုတ်စေသည်ဟု ယုံကြည်သည်နှင့်အညီ 'မျိုးချစ်စိတ်' အစား 'တိုင်းပြည် ချစ်စိတ်' ဟူသော ပေါ်လစီကို အခြေခံ၍ ဒေသတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်ထည် ဖော်ဆောင်ရွက်သွားမည်။

(င) ချင်းရိုးရာဓလေ့ထုံးတမ်းများနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်း၍ ချင်းပြည်နယ်နှင့် ချင်းပြည်နယ်ပြင်ပရှိ မျိုးဆက်သစ်လူငယ်များအား ခေတ်နှင့်အညီ မိမိတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို မြတ်နိုးတန်ဖိုးထား၍ တိုင်းချစ်ပြည်ချစ် လူငယ်မောင်မယ်များ ဖြစ်လာစေရန် စည်းရုံးဆောင်ရွက်သွားမည်။

(စ) သဘာဝဘေးပတ်ဝန်းကျင်၏ အရေးပါမှုနှင့် သဘာဝဘေးပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက်ရေး လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည်။

(ဆ) ဒေသတိုးတက်ဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာ ကျေးရွာ/ရပ်ကွက်၊ မြို့နယ်နှင့် ပြည်နယ်/တိုင်း၊ အာဏာပိုင်အဖွဲ့အစည်းများအပါအဝင် နိုင်ငံတော်အဆင့်တာဝန်ရှိသူများနှင့် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်သွား မည်။

# အခန်း(၄)

## ပါတီ၏ရည်မှန်းချက်

၅။ ပါတီရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်သည်။

(က) ချင်းပြည်နယ်အတွင်းမှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအားလုံး၏ လူနေမှုဘဝကို မြင့်တင်ရေး။

(ခ) ပြည်သူလူထု၏ အခြေခံရပိုင်ခွင့်များနှင့် လူ့အခွင့်အရေးဆိုင်ရာ အကာအကွယ်များ အပြည့်အဝ ခံစားရရှိနိုင်ရေး။

(ဂ) စစ်မှန်သောဒီမိုကရေစီစနစ်နှင့် ပြည်ထောင်စုစနစ်ကို တည်ဆောက်အကောင်ထည် ဖော်ရာတွင် အခြားတိုင်းရင်းသားညီအစ်ကိုများနှင့်အတူ တန်းတူပါဝင်ရေး။


(ဃ) ချင်းတိုင်းရင်းသားများ (ဇို လူမျိုးများ) အတွင်း နိုင်ငံရေး၊ စီးပွားရေး နှင့်လူမှုရေးဆိုင်ရာအသိ ပညာပေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေး။

(င) တိုင်းချစ်ပြည်ချစ်စိတ်ကိုအခြေခံ၍ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုကို တည်ဆောက် ရေး။

# အခန်း(၅)

## ပါတီဖွဲ့စည်းပုံ

၆။ ဗို တိုင်းရင်းသား ဒေသ ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်သည်။




၇။ ဗဟို၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာ အလုပ်အမှုဆောင်ကော်မတီသက်တမ်းသည် (၅)နှစ်ဖြစ်သည်။

# အခန်း(၆)

## ပါတီအထွေထွေညီလာခံ

၈။ ပါတီအထွေထွေ ညီလာခံသည် ပါတီတစ်ရပ်လုံးကို အဓိကစီမံခန့်ခွဲသည်။

၉။ အထွေထွေညီလာခံကို သာမန်အားဖြင့် (၅)နှစ်တစ်ကြိမ်ခေါ်ယူကျင်းပရမည်။ သို့သော် အရေးပေါ်ကိစ္စများ အတွက်လိုအပ်ပါကလည်း အထွေထွေညီလာခံကို ခေါ်ယူကျင်းပနိုင်သည်။

၁၀။ အထွေထွေညီလာခံကိုတက်ရောက်ခွင့်ရှိသူများမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ။

(ခ) မြို့နယ်အလုပ်အမှုဆောင်ကော်မတီဝင်များ။

(ဂ) ရပ်ကွက်/ကျေးရွာ အလုပ်အမှုဆောင်ကော်မတီဝင်များ။

(ဃ) နာယကအဖွဲ့ဝင်များနှင့် အတိုင်ပင်ခံအဖွဲ့ဝင်များ။

(င) ဗဟိုကော်မတီမှ အထူးဖိတ်ကြားထားသောသူများ။

## တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၁။ ပါတီထွေထွေညီလာခံ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) အထွေထွေညီလာခံသည် ပါတီ၏ (၅) နှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် မူဝါဒနှင့်ရေ့လုပ်ငန်းစဉ်များကို ချမှတ်ပေးရမည်။

(ခ) ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီက တင်သွင်းသော လုပ်ငန်း ဆောင်ရွက်ချက်များနှင့် ဘဏ္ဍာရေး အစီရင်ခံစာများကို အတည်ပြုခြင်းနှင့် ဆွေးနွေးဆုံးဖြတ်ခြင်း များကို လုပ်ပိုင်ခွင့်ရှိသည်။

(ဂ) ၅နှစ်သက်တမ်းအတွက် ဗဟိုကော်မတီဝင်များကို ရွေးကောက်တင်မြှောက်ပေးရမည်။

(ဃ) ပါတီအထွေထွေညီလာခံသည် ပါတီ၏ဖွဲ့စည်းပုံ၊ စည်းမျဉ်းများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းနှင့် အသစ်ရေးဆွဲခြင်းများ ပြုလုပ်နိုင်သည်။

# အခန်း(၇)

## ဗဟိုကော်မတီ

၁၂။ ပါတီဗဟိုကော်မတီကိုအောက်ပါအတိုင်းဖွဲ့စည်းရမည်။

(က) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ

(ခ) မြို့နယ်အသီးသီးမှ အလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ

(ဂ) ဌာနအသီးသီးမှ တာဝန်ခံများနှင့် လက်ထောက်တာဝန်ခံများ

(ဃ) ဗဟိုနာယက နှင့် အတိုင်ပင်ခံ အဖွဲ့ဝင်များ

၁၃။ ပါတီဗဟိုကော်မတီအစည်းအဝေးကို တစ်နှစ်လျှင်တစ်ကြိမ်ကျင်းပရမည်။

## တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၄။ ဗဟိုကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်မှာအတိုင်းဖြစ်သည်။

(က) ဗဟိုကော်မတီသည် ပါတီအထွေထွေညီလာခံမှ ချမှတ်သောမူဝါဒနှင့် ရှေ့လုပ်ငန်းစဉ်များကို ဗဟိုအလုပ်မှုဆောင်ကော်မတီက အကောင်ထည်ဖော်ဆောင်ရွက်ရာတွင် ကြီးကြပ်လမ်းညွှန်ရမည်။

(ခ) ဗဟိုအလုပ်အမှုဆောင်ကော်မတီမှတင်သွင်းလာသော တစ်နှစ်တာလုပ်ငန်းဆောင်ရွက်ချက်များ၊ ဘဏ္ဍာရေးအစီရင်ခံစာများ၊ ရသုံးခန့်မှန်းခြေငွေစာရင်းများနှင့် အခြားအစီရင်ခံစာများကို ကြားနာခြင်း၊ လက်ခံ အတည်ပြုခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ လုပ်ပိုင်ခွင့်ရှိသည်။

(ဂ) ပါတီအထွေထွေညီလာခံမှ လျာထားရွေးချယ်ပေးသော ဗဟိုကော်မတီဝင်များအား ပါတီဥက္ကဋ္ဌ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် တာဝန်ခွဲဝေပေးအပ်ရမည်။

(ဃ) အထွေထွေညီလာခံမှချမှတ်သော လုပ်ငန်းတာဝန်များကို အကောင်ထည်ဖော်ဆောင်ရွက်ရမည်။

၁၅။ ပါတီဗဟိုကော်မတီ၏ သက်တမ်းသည် ၅နှစ်ဖြစ်သည်။

# အခန်း(၈)

**ဗဟိုအလုပ်မှုဆောင်ကော်မတီ**

၁၆။ ဗဟိုအလုပ်မှုဆောင်ကော်မတီကို ဗဟိုကော်မတီက ရွေးချယ်တာဝန်ပေးထားသည့် သူများဖြင့် ဖွဲ့စည်းရ မည်။

(က) ဗဟိုကော်မတီ၏ဥက္ကဌ၊ ဒု-ဥက္ကဌနှင့်အတွင်းရေးမှူးများ၊ ဘဏ္ဍာရေးမှူးနှင့် တွဲဘက် ဘဏ္ဍာရေးမှူး များသည် ဗဟိုအလုပ်မှုဆောင်ကော်မတီတွင် ယင်းတို့၏ ရာထူး/တာဝန် ဝတ္တရားအတိုင်း အလိုအလျောက်ပါ ဝင်ရမည်။

(ခ) မြို့နယ်အလုပ်မှုဆောင်ကော်မတီအသီးသီးမှ ဥက္ကဌ သို့မဟုတ် အတွင်းရေးမှူး။

(ဂ) ဌာနအသီးသီးမှတာဝန်ခံများ

၁၇။ ဗဟိုအလုပ်အမှုဆောင်ကော်မတီဖွဲ့စည်းပုံမှာအောက်ပါအတိုင်းဖြစ်သည်။

| | | |
|---|---|---|
| ဥက္ကဌ | - | (၁) ဦး |
| ဒု- ဥက္ကဌ | - | (၁) ဦး |
| အတွင်းရေးမှူး(၁၊ ၂၊ ၃ ) | - | (၃)ဦး |
| ဘဏ္ဍာရေးမှူး | - | (၁) ဦး |
| တွဲဖက် ဘဏ္ဍာရေးမှူး | - | (၁) ဦး |
| အဖွဲ့အဝင်များ | - | (  ) ဦး |

၁၈။ ဗဟိုကော်မတီဥက္ကဌ ၊ ဒု-ဥက္ကဌ၊ အတွင်းရေးမှူးများ၊ ဘဏ္ဍာရေးမှူးနှင့် တွဲဖက် ဘဏ္ဍာရေးမှူးတို့သည်ဗဟို အလုပ်အမှုဆောင်ကော်မတီ၏ ဥက္ကဌ၊ ဒု- ဥက္ကဌများ၊ အတွင်းရေးမှူးများ၊ ဘဏ္ဍာရေးမှူးနှင့် တွဲဖက် ဘဏ္ဍာရေးမှူးများ ဖြစ်ကြသည်။

## တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၉။ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပိုင်အတိုင်းဖြစ်သည်။

(က) ပုံမှန်အစည်းအဝေးကို ( ၄ ) လတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ အရေးပေါ်ကိစ္စအတွက်လိုအပ်ပါက ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များထံသို့အကြောင်းကြားပြီး အစည်းအဝေး ခေါ်ယူကျင်းပနိုင်သည်။

(ခ) ဗဟိုကော်မတီသို့ တစ်နှစ်တစ်ကြိမ် လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးအစီရင်ခံစာများကို တင် သွင်းရမည်။

(ဂ) မြို့နယ်ကော်မတီများနှင့် ဌာနအသီးသီးမှတင်သွင်းလာသောလုပ်ငန်း ဆောင်ရွက်ချက်အစီရင်ခံစာ များကို ကြားနာလက်ခံခြင်း၊ အတည်ပြုခြင်းနှင့် ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်နိုင်သည်။

(ဃ) ဌာန (သို့မဟုတ်) လုပ်ငန်းကော်မတီတစ်ခုခုကို လိုအပ်သလိုတိုးချဲ့ဖွဲ့စည်းနိုင်သည်။

၂၀။ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ သက်တမ်းသည် (၅) နှစ်ဖြစ်သည်။

# အခန်း(၉)

**ပါတီရုံးချုပ်**

၂၁။ ပါတီရုံးချုပ်ကို ရန်ကုန်မြို့တွင် ရုံးစိုက်ထားရှိသည်။

၂၂။ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ပုံမှန်အစည်းအဝေးကို ရန်ကုန်ရုံးချုပ်တွင် ကျင်းပပြုလုပ်ရမည်။

သို့သော် လိုအပ်ပါက အခြားနေရာဒေသတွင်လည်း ပြောင်းရွှေ့လုပ်ပိုင်ခွင့်ရှိသည်။

# အခန်း(၁၀)

**မြို့နယ်အထွေထွေညီလာခံ**

၂၃။ မြို့နယ်အထွေထွေညီလာခံသည် မိမိတို့မြို့နယ်အတွင်း စီမံလုပ်ပိုင်ခွင့်ရှိသည်။

၂၄။ မြို့နယ်အထွေထွေညီလာခံတွင် တက်ရောက်ခွင့်ရှိသူများမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) မြို့နယ်အလုပ်အမှုဆောင်ကော်မတီဝင်များ

(ခ) ရပ်ကွက်/ကျေးရွာအလုပ်အမှုဆောင်ကော်မတီအသီးသီးမှ ကိုယ်စားလှယ်များ

(ဂ) အထူးဖိတ်ကြားထားသောသူများ

(ဃ) ဗဟိုအလုပ်အမှုဆောင်ကော်မတီမှ ကိုယ်စားလှယ် (၂) ဦး

၂၅။ မြို့နယ်အထွေထွေညီလာခံကို (၅) နှစ်တစ်ကြိမ်ကျင်းပရမည်။

၂၆။ မြို့နယ်အထွေထွေညီလာခံ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) မြို့နယ်အလုပ်အမှုဆောင်ကော်မတီကို သင့်တော်သောဦးရေဖြင့်ဖွဲ့စည်းပေးရမည်။

(ခ)မိမိမြို့နယ်အတွင်းမဲဆန္ဒနယ်အသီးသီးမှပါဝင်ယှဉ်ပြိုင်အရွေးခံမည့်လွှတ်တော်ကိုယ်စားလှယ်လောင်းများကိုဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့်ညှိနှိုင်းပြီး ရွေးချယ်တင်မြှောက်ရမည်။

# အခန်း(၁၁)

**မြို့နယ်အလုပ်အမှုဆောင်ကော်မတီ**

၂၇။ မြို့နယ်အလုပ်အမှုဆောင်ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) မိမိမြို့နယ်အတွင်း ပါတီစည်းရုံးရေးကိုအဓိကလုပ်ဆောင်ရမည်။

(ခ) မြို့နယ်အလုပ်အမှုဆောင်ကော်မတီ ပုံမှန်အစည်းအဝေးကို (၃)လတစ်ကြိမ် ခေါ်ယူကျင်းပရမည် အရေးပေါ်အစည်းဝေးခေါ်ယူရန်လိုအပ်ပါက ခေါ်ယူကျင်းပနိုင်သည်။

(ဂ) ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးသို့ လုပ်ငန်းအစီရင်ခံစာများတင်သွင်းရမည်။

# အခန်း(၁၂)

**ရပ်ကွက်/ကျေးရွာအလုပ်အမှုဆောင်ကော်မတီ**

၂၈။ ရပ်ကွက်/ကျေးရွာအလုပ်အမှုဆောင်ကော်မတီကို မြို့နယ်အလုပ်အမှုဆောင်ကော်မတီ၏ လမ်းညွှန်မှုဖြင့် ဖွဲ့စည်းရမည်။

၂၉။ ရပ်ကွက်/ကျေးရွာအလုပ်အမှုဆောင်ကော်မတီ သက်တမ်းသည် (၅)နှစ်ဖြစ်သည်။

၃၀။ ရပ်ကွက်/ကျေးရွာအလုပ်အမှုဆောင်ကော်မတီ၏ တာဝန်များမှာအောက်ပါအတိုင်းဖြစ်သည်။

(က) ပါတီစည်းရုံးရေးကိုအဓိကထားဆောင်ရွက်ရမည်။

(ခ) ပါတီရေးရာကိစ္စများကိုဆောင်ရွက်ရာတွင် မြို့နယ်ကော်မတီ၏လမ်းညွှန်မှုဖြင့် ဆောင်ရွက်ရမည်။

# အခန်း(၁၃)

**အစည်းအဝေးကျင်းပခြင်း**

၃၁။ (က) အစည်းဝေးတိုင်းတွင်တက်ရောက်ခွင့်ရှိသူဦးရေ၏ထက်ဝက်ကျော်မှသာအစည်းအဝေး

ထမြောက် သည်။

(ခ) အစည်းအဝေးတွင်ဥက္ကဋ္ဌ (သို့မဟုတ်)ဒုဥက္ကဋ္ဌ၊အတွင်းရေးမှူးတစ်ဦး၊ဘဏ္ဍာရေးမှူး(သို့မဟုတ်)

တွဲဖက် ဘဏ္ဍာရေးမှူး တက်ရောက်မှသာလျှင် အစည်းအဝေးထမြောက်သည်။

၃၂။(က) အကြောင်းကိစ္စတစ်ရပ်နှင့် ပတ်သက်ပြီး မဲခွဲဆုံးဖြတ်ရာတွင် သဘာပတိအဖြစ် ဆောင်ရွက်သူသည် ဆန္ဒမဲမပေးရ။ ထောက်ခံမဲနှင့် ကန့်ကွက်မဲ တူညီသည့်ကိစ္စများ၌သာ အနိုင်မဲပေးရမည်။

(ခ) အကြောင်းအရာတစ်ခုနှင့်စပ်လျဉ်း၍မဲခွဲဆုံးဖြတ်ရာတွင်အစည်းအဝေးတက်ရောက်၍မဲပေးပိုင်ခွင့် ရှိသည့် ဦးရေ၏ အများစုဖြင့်ဆုံးဖြတ်ရမည်။

၃၃။ အစည်းအဝေးများတွင် ပါတီဥက္ကဋ္ဌသည် သဘာပတိအဖြစ်ဆောင်ရွက်ရမည်။

၃၄။ အစည်းအဝေးများတွင် ပါတီအတွင်းအရေးမှူးသည်အခမ်းနားမှူး (သို့မဟုတ်) အစီစဉ်မှူးအဖြစ် ဆောင်ရွက် ရမည်။

# အခန်း(၁၄)

## ဥက္ကဋ္ဌ

၃၅။ ဥက္ကဋ္ဌ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ဥက္ကဋ္ဌသည် ပါတီကိုယ်စား ပြောရေးဆိုခွင့်ရှိသူဖြစ်သည်။

(ခ) ပါတီ၏ မူဝါဒနှင့် ရေ့လုပ်ငန်းစဉ်များကိုဦးဆောင်လမ်းညွှန်မှုပေးရမည်။

(ဂ) အရေးပေါ်အခြေအနေအတွက်ဆောင်ရွက်ရန်လိုအပ်သောကိစ္စရပ်များတွင်ဆုံးဖြတ်လုပ်ပိုင်ခွင့်ရှိ သည်။

(ဃ) ရုံးလုပ်ငန်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ၊ အစည်းအဝေးဆုံးဖြတ်ချက်များနှင့် မှတ်တမ်းများကို တာဝန်ယူလက်မှတ်ရေးထိုးရမည်။

## ဒု- ဥက္ကဋ္ဌ

၃၆။ ဒု- ဥက္ကဋ္ဌ ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ဒု- ဥက္ကဋ္ဌသည် ဥက္ကဋ္ဌ၏သဘောတူညီချက်ဖြင့် ဥက္ကဋ္ဌတာဝန်ကို ဆောင်ရွက်ခွင့်ရှိသည်။

(ခ) အကြောင်းအမျိုးမျိုးကြောင့် ဥက္ကဋ္ဌနေရာလစ်လပ်ပါက ဥက္ကဋ္ဌတာဝန်ဝတ္တရားများကိုတာဝန်ယူဆောင်ရွက်ရမည်။

# အခန်း(၁၅)

**အတွင်းရေးမှူး**

၃၇။အတွင်းရေးမှူး၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ပါတီအစည်းအဝေးကို ဥက္ကဋ္ဌ၏ ညွှန်ကြားချက်အတိုင်းခေါ်ယူရမည်။

(ခ) အစည်းအဝေးတက်ရောက်မည့်သူများကိုဆက်သွယ်အကြောင်းကြားရမည်။

(ဂ) အစည်းအဝေးဆုံးဖြတ်ချက်ကို မှတ်တမ်းတင်ရမည်။

(ဃ) ပြန်လည်ဖြန့်ဝေရန်လိုအပ်သောစာရွက်စာတမ်းများကို သက်ဆိုင်ရာဌာနနှင့် လူတစ်ဦးခြင်းစီသို့ ပေးပို့ရမည်။

(င) ပါတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို အစီရင်ခံတင်ပြရမည်။

(စ) ပါတီ၏ ပိုင်ဆိုင်မှုအားလုံးကို စာရင်းပြုစုပြီး စနစ်တကျထိန်းသိမ်းရမည်။

(ဆ) ပါတီ၏ လုပ်ငန်းကိစ္စများအတွက် ငွေကြေးကို စနစ်တကျသုံးစွဲစီမံရမည်။

**တွဲဘက်အတွင်းရေးမှူး**

၃၈။ တွဲဘက်အတွင်းရေးမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

တွဲဘက်အတွင်းရေးမှူးသည် အတွင်းရေးမှူး၏ တာဝန်လွဲအပ်ခြင်းဖြင့် အတွင်းရေးမှူး တာဝန် ဝတ္တရားများကို ဆောင်ရွက်ခွင့်ရှိသည်။

**ဘဏ္ဍာရေးမှူး**

၃၉။ ဘဏ္ဍာရေးမှူး၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာအောက်ပါအတိုင်းဖြစ်သည်။

(က) ပါတီပိုင် ငွေသားများကိုထိန်းသိမ်းစောင့်ရှောက်ရမည်။

(ခ) မိမိလက်ဝယ် အများဆုံး ကျပ်တစ်သိန်း အထိသာငွေသားအဖြစ်ထားခွင့်ရှိသည်။

(ဂ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ကြိုတင်ဆုံးဖြတ်ခွင့်ပြုထားသော ကိစ္စရပ်များမှအပ ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့်သာ ပါတီပိုင်ငွေကြေးများကိုသုံးစွဲခွင့်ရှိသည်။

(ဃ)ငွေစာရင်းရှင်းတမ်းကိုဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးတွင် ပုံမှန် တင်ပြရမည်။

၄၀။ အကြောင်းအမျိုးမျိုးကြောင့် ဘဏ္ဍာရေးမှူးသည် တာဝန်မထမ်းဆောင်နိုင်သည့်အခါ တွဲဘက်ဘဏ္ဍာရေးမှူးက ဘဏ္ဍာရေးမှူးတာဝန်ကိုထမ်းဆောင်ရမည်။

**စာရင်းစစ်များ**

၄၁။ စာရင်းစစ်များအဖွဲ့ကကိုအောက်ပါအတိုင်းဖွဲ့စည်းရမည်။

(က) ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီတို့၏ စာရင်းစစ်အဖွဲ့ကို အဖွဲ့ဝင် (၃) ဦးဖြင့် ဗဟိုကော်မတီက ရွေးချယ်ဖွဲ့စည်းပေးရမည်။

(ခ) မြို့နယ်အလုပ်အမှုဆောင်ကော်မတီ၏ စာရင်းစစ်အဖွဲ့ကို အဖွဲ့ဝင် (၃) ဦးဖြင့် မြို့နယ်ကော်မတီက ရွေးချယ်ဖွဲ့စည်းပေးရမည်။

(ဂ) ကျေးရွာ/ရပ်ကွက် အလုပ်အမှုဆောင်ကော်မတီ၏ စာရင်းစစ်အဖွဲ့ကို အဖွဲ့ဝင်(၃) ဦးဖြင့် ကျေးရွာကော်မတီက ရွေးချယ်ဖွဲ့စည်းပေးရမည်။

၄၂။ စာရင်းစစ်အဖွဲ့၏ တာဝန်ဝတ္တရားများနှင့် လုပ်ပိုင်ခွင့်မှာအောက်ပါအတိုင်းဖြစ်သည်။

(က) ပါတီ၏ငွေစာရင်းများနှင့် ပါတီပိုင်ပစ္စည်းစာရင်းများကို နှစ်စဉ် စစ်ဆေးရမည်။

(ခ) ဘဏ္ဍာရေးအခြေအနေနှင့် ငွေစာရင်းများကို လွတ်လပ်စွာစစ်ဆေးခွင့်ရှိသည်။

(ဂ) ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီတို့၏ စာရင်းစစ်အဖွဲ့သည် အစီရင်ခံစာကို ဗဟိုကော်မတီအစည်းအဝေးတွင်လည်းကောင်း၊ မြို့နယ်စာရင်းစစ်အဖွဲ့သည် မြို့နယ်အလုပ်အမှုဆောင် ကော်မတီအစည်းအဝေးတွင်လည်းကောင်း၊ ကျေးရွာစာရင်းစစ်အဖွဲ့သည် ကျေးရွာအလုပ်အမှုဆောင် အဖွဲ့ အစည်းဝေးတွင် လည်းကောင်း တင်ပြ အစီရင်ခံရမည်။

# အခန်း(၁၆)

**ဌာနများ**

၄၃။ ဌာနများကိုအောက်ပါအတိုင်းဖွဲ့စည်းထားရှိသည်။

(က) ဥပဒေရေးရာဌာန

(ခ) သတင်းပြန်ကြားရေးဌာန

(ဂ) ဘဏ္ဍာရေးဌာန

(ဃ) စာပေသမိုင်းနှင့် ယဉ်ကျေးမှုဌာန

(င) အမျိုးသမီးဌာန

(စ) လူငယ်ဌာနတ

၄၄။ ဌာနများသည် ဗဟိုအလုပ်အမှုဆောင်ကပေးအပ်သောတာဝန်နှင့် လုပ်ငန်းစဉ်များကို အကောင်ထည်ဖော် ဆောင်ရွက်ရမည်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ရန်ပုံငွေရှာ ဖွေပြီး လုပ်ငန်းတာဝန်များ ကို အကောင်ထည်ဖော်ဆောင်ရွက်နိုင်သည်။

# အခန်း(၁၇)

ရန်ပုံငွေရှာဖွေရေး

၄၅။ ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် ရန်ပုံငွေရှာဖွေရေးကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၄၆။ ပါတီဝင်များ၏ လစဉ်ကြေး(သို့မဟုတ်)နှစ်စဉ်ကြေးကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ လိုအပ်သလို ကောက် ခံရမည်။

၄၇။ ပါတီကိုယ်စားပြုသည့်ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်းများ၏ ကိုယ်စားလှယ်လောင်း မှတ်ပုံတင် ကြေးကို လိုအပ်သလိုကောက်ခံခွင့်ရှိသည်။

၄၈။ ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်ဖြင့် အလှူငွေကောက်ခံခွင့်ရှိသည်။

## အခန်း(၁၈)

**ပါတီဝင်အဖြစ်လက်ခံခြင်းနှင့်ပါတီဝင်အရည်အချင်း**

၄၉။ ဗို တိုင်းရင်းသား ဒေသဖွံ့ဖြိုးရေးပါတီဝင်အဖြစ် လျှောက်ထားသူသည် အောက်ပါစည်းမျဉ်း စည်းကမ်းများနှင့်ကိုက်ညီသူဖြစ်ရမည်။

(က) မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အသက် (၁၈) နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(ဂ) သာသနာ့ဝန်ထမ်းမဟုတ်သူ ဖြစ်ရမည်။

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူ ဖြစ်ရမည်။

(င) ထောင်ကျခံနေသူမဖြစ်စေရ။

(စ) နိုင်ငံတော်အား လက်နက်ကိုင်တော်လှန်သောအဖွဲ့စည်းဝင် (သို့မဟုတ်) အားပေးကူညီသည့် အဖွဲ့အစည်းဝင် မဖြစ်စေရ။

(ဆ) နိုင်ငံခြားသား(သို့မဟုတ်) နိုင်ငံခြားသားအဖြစ် ခံယူထားသောသူမဖြစ်စေရ။

(ဇ) ပါတီဝင်အဖြစ်လက်ခံသောသူအား ပါတီဝင်ကဒ်ပြားထုတ်ပေးရမည်။

## အခန်း(၁၉)

**ပါတီဝင်ခြင်းနှင့် ပါတီဝင်အဖြစ်မှရပ်စဲခြင်း**

၅၀။ ပါတီဝင်ကြေးသည် ကျပ်(၅၀၀) ဖြစ်သည်။

၅၁။ ပါတီအစည်းအဝေးတွင် မဲဆန္ဒပေးခွင့်ရှိသည်။ ဝင်ရောက်ရွေးချယ် ခံပိုင်ခွင့်ရှိသည်။

၅၂။ ပါတီအမည်ဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်ဝင်ရောက်အရွေးခံခွင့်ရှိသည်။

၅၃။ ပါတီဝင်များသည်အောက်ပါကိစ္စတစ်ရပ်ရပ်ဖြင့် ပါတီဝင်အဖြစ်မှ ရပ်စဲနိုင်သည်။

(က) မိမိအလိုအလျောက်နုတ်ထွက်ခြင်း၊

(ခ) ပါတီအလုပ်အမှုဆောင်အဖွဲ့မှအကြောင်းတစ်ခုခုကြောင့်ထုတ်ပယ်ခြင်း၊

(ဂ) အခြားပါတီဝင်တစ်ဦးဖြစ်နေခြင်း၊

(ဃ) ကွယ်လွန်အနိစ္စရောက်ခြင်း၊

(င) ပါတီဝင်အဖြစ်မှရပ်စဲခံရသောသူသည် ပါတီဝင်ကဒ်ပြားကိုပြန်လည်အပ်နှံရမည်။

# အခန်း(၂၇)

## ပြင်ဆင်ခြင်း၊ဖြည့်စွက်ခြင်း၊အစားထိုးခြင်းနှင့်အသစ်ရေးဆွဲခြင်း

၅၄။ ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများကို ပါတီအထွေထွေညီလာခံတွင် ကိုယ်စားလှယ်ဦးရေ သုံးပုံနှစ်ပုံ၏ ထောက်ခံမဲဖြင့်ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အစားထိုးခြင်း၊ အသစ်ရေးဆွဲခြင်းပြုလုပ်နိုင်သည်။

၅၅။ အရေးပေါ်ပြင်ဆင်ဖြည့်စွက်ရန်(သို့မဟုတ်) ပယ်ဖျက်ရန်လိုအပ်ပါက အစည်းအဝေးတက်ရောက်သူ ၇၅% ၏ထောက်ခံမဲဖြင့် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊အစားထိုးခြင်း ပြုလုပ်နိုင်သည်။ ဤဆုံးဖြတ်ချက်ကို အနီးစပ်ဆုံး ပါတီအထွေထွေညီလာခံတွင် အတည်ပြုချက်ရယူရမည်။

# အခန်း(၂၁)

## ပါတီစည်းမျဉ်းစည်းကမ်းများ

၅၆။ ပါတီဝင်များသည် -

(က) နိုင်ငံတော်မှပြဋ္ဌာန်းထားသော ဥပဒေ နည်းဥပဒေများကိုလေးစားလိုက်နာရမည်။

(ခ) ပါတီ၏ အတွင်းရေးကိစ္စများကို ပြင်ပသို့ ပေါက်ကြားခြင်းမပြုလုပ်ရ။

(ဂ) ပါတီအမည်ဖြင့် ဥပဒေနှင့် မညီသော အလှူငွေကောက်ခံခြင်းများမပြုလုပ်ရ။

(ဃ) ပါတီအမည်နှင့် ဂုဏ်သိက္ခာကိုသေးသိမ် ညှိုးနွမ်းစေမည့် အပြုအမူများကိုရှောင်ကြဉ်ရမည်။

(င) ပါတီ စည်းလုံးညီညွတ်မှုကိုထိခိုက်စေမည့် အပြောအဆို အပြုအမူများကိုရှောင်ကြဉ်ရမည်။